# Burmese Unicode Sample

The Burmese Language Kit for OS X can be used to create just about any type of text that uses the Burmese script.

This page is encoded as Unicode (utf-8) and requires a compatible browser like Opera and a properly encoded Burmese font. If you don't own the Burmese Language Kit for OS X and don't use a Macintosh, you can view a PDF version of this file.

## အလောင်းမင်းတရား

မဟာဓမ္မရာဇာဓိပတိလက်ထက်တွင် အင်းဝနေပြည်တော်ကြီးသည် မငြိမ်မသက်ဖြစ်နေသည်။ မဏိပူရကသည်းများက အင်းဝနေပြည်တော်၏ မြောက်ဘက်တလွှားကို တိုက်ခိုက်ဖျက်ဆီးသည်။ အောက်မြန်မာနိုင်ငံ ဟံသာဝတီသားတို့ကလည်း ပုန်ကန်သည်။ မတ္တရာအုတ်ဖိုရှိ ဂွေ့ရှမ်းများကလည်း ထကြွသည်။

ထိုအချိန်တွင် မုဆိုးဖိုရွာသူကြီး အောင်ဇေယျသည် မိမိ၏ရွာကို လုံခြုံအောင်ထန်းလုံးတပ်များကာရသည်။ အနီးအပါး ကျေးရွာ လေးဆယ့်ခြောက်ရွာကို သိမ်းသွင်းထားသည်။ မကြာမီပင် အင်းဝနေပြည်တော်ကြီးသည် ဟံသာဝတီတပ်များ လက်တွင်းသက်ဆင်းရတော့သည်။

အင်းဝကို သိမ်းပိုက်ပြီးသော ဟံသာဝတီတပ်များသည် မြောက်ဘက်တလွှားကျေးရွာများကို သစ္စာခံခိုင်းရန် လာကြရာ မုဆိုးဖိုရွာသို့ ရောက်ရှိလာသည်။ တချိန်တည်းမှာပင် ဂွေ့ရှမ်းများကလည်း သစ္စာခံခိုင်းရန် ရောက်ရှိလာသည်။ ဦးအောင်ဇေယျသည် အဖွဲ့နှစ်ဖွဲ့ကို ခြေငံစွာ ဆက်ဆံသည်။ မည်သူ့သစ္စာကိုမျှ ခံယူခြင်းမပြုပေ။ ဟံသာဝတီတပ်ဖွဲ့ကို အပြန်ခရီးတွင် လမ်းမှဖြတ်၍ တိုက်ခိုက်သည်။ ဟံသာဝတီတပ်ဖွဲ့များ အထိအခိုက်အကျအဆုံးများစွာဖြင့် ပြန်ရသည်။

ဟံသာဝတီတပ်များသည် မုဆိုးဖိုရွာကို လာရောက်တိုက်ခိုက်ကြပြန်သည်။ ဦးအောင်ဇေယျသည် သွေးသောက်ရဲဘော် ခြောက်ကျိပ်ရှစ်ယောက်နှင့်အတူ ဦးစီးကာအောင်မြင်စွာခုခံတွန်းလှန်နိုင်ခဲ့သည်။ ထို့နောက် ဦးအောင်ဇေယျသည် မြောက်ဘက်တလွှားရှိ ရှမ်းများနှင့် မြန်မာများကိုလည်း ဆက်သွယ်စည်းရုံးနိုင်ခဲ့သည်။ ဤသို့ဖြင့် ဦးအောင်ဇေယျ၏ အရှိန်အဝါ မြင့်မားလာလေသည်။

ဦးအောင်ဇေယျသည် အလောင်းမင်းတရားဘွဲ့ကို ခံယူကာ ကုန်းဘောင်မင်းဆက်ကိုစတင်တည်ထောင်သည်။ မုဆိုးဖိုရွာကို ရွှေဘိုဟု သမုတ်ကာ မြို့နန်းတည်သည်။ နန်းတည်သက္ကရာဇ်ဖြစ်သော ၁၁၁၅ ခုကို ဥသြအော်မြည်

ကုန်းဘောင်တည်ဟု အမှတ်အသားပြုကြသည်။

အလောင်းမင်းတရားသည် ဧရာဝတီနှင့်ချင်းတွင်း မြစ်နှစ်သွယ်အကြား ဒေသများကိုအခိုင်အမာ စုစည်းပြီးနောက် အင်းဝကို တိုက်ခိုက်အောင်မြင်သည်။ ထိုနောက်တွင်ပြည်၊ လွန်ဆေး၊ ဒဂုံမြို့များကို သိမ်းပိုက်သည်။ လွန်ဆေး ကိုမြန်အောင်ဟူ၍ သမုတ်သည်။ ဒဂုံကိုရန်ကုန်ဟူ၍ သမုတ်ထသည်။